## မြန်မာနိုင်ငံရှိ လိင်ပိုင်းဆိုင်ရာ နှင့် ကျား၊မ အခြေပြု အကြမ်းဖက်မှုများနှင့်၊ တိုင်းရင်းသား ပဋိပက္ခများက လိင်အုပ်စုတစ်စုစီကို တစ်မျိုးစီ ကွဲပြားစွာ သက်ရောက်ပုံ။*

### အကျဉ်းချုပ်။ ။

၁။ (၂၀၁၈) စက်တင်ဘာလတွင် လူ့အခွင့်အရေးကောင်စီသို့ ထုတ်ပြန်ခဲ့သော အစီရင်ခံစာ[၁] (ယခုမှစ၍ "၂၀၁၈ အစီရင်ခံစာ") အတွင်း မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေးမစ်ရှင် (ယခုမှစ၍ "မစ်ရှင်")က "(၂၀၁၁) ခုနှစ်မှစ၍ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များရှိ အရပ်သား ပြည်သူများကို ပစ်မှတ်ထားသော ကျူးလွန်မှုများတွင် မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် အလွန်အကျွံ ဆိုးရွားပြီး၊ အဖန်တလဲလဲ ဖြစ်ပွားနေသော လက္ခဏာတစ်ရပ် ဖြစ်သည်" ဟု ကောက်ချက်ချခဲ့သည်။

၂။ မြန်မာနိုင်ငံမြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့ရှိ တပ်မတော်စစ်ဆင်ရေးများ၏ ထူးခြားသိသာသော လက္ခဏာတစ်ခုမှာ လိင်ပိုင်းဆိုင်ရာ နှင့် ကျား၊မအခြေပြု အကြမ်းဖက်မှုများဖြစ်သည်ဟု မစ်ရှင်က တွေ့ရှိခဲ့သည်။ များသောအားဖြင့် တိုင်းရင်းသားအမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ကျူးလွန်ခဲ့သော ၎င်းချိုးဖောက်မှုများကို အရပ်သား ပြည်သူများအား ခြိမ်းခြောက်ရန်၊ အလွန်အကျွံ ကြောက်စိတ်ဝင်စေရန် သို့မဟုတ်၊ အပြစ်ပေးရန် ရည်ရွယ်၍၊ စစ်မဟာဗျူဟာတစ်ရပ်အနေနှင့် အသုံးပြုခဲ့ကြသည်။ တပ်မတော်က အဆမတန် အဓိက တရားခံဖြစ်သည်။

၃။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာပြည်သူလူထုအပေါ် ကျူးလွန်ခဲ့သည့် "ရှင်းလင်းစစ်ဆင်ရေးများ"အပြီး နှစ်နှစ်အကြာနှင့် မစ်ရှင်၏ တွေ့ရှိချက်များကို ထုတ်ပြန်ပြီး တစ်နှစ်ကြာအချိန်အထိ၊ ဤအလွန်အကျွံ ဆိုးရွားသော လုပ်ရပ်များအတွက် တာဝန်ခံမှုမှာ မရေရာ မသေချာသေးပါ။ စစ်ရာဇဝတ်မှုများ၊ လူသားတမျိုးနွယ်လုံးအပေါ်သက်ရောက်သည့်ရာဇဝတ်မှုများနှင့် မျိုးဖြုတ်ခြင်း လုပ်ရပ်အရာရောက်သည်ဟု မစ်ရှင်က ယူဆသော ဆိုးဆိုးရွားရွား ချိုးဖောက်မှုများကို ဆက်လက်ဖော်ထုတ်ရန်အတွက် လက်ရှိ အကြောင်းအရာအလိုက် အစီရင်ခံစာကို ထုတ်ပြန်လိုက်ပါသည်။

၄။ မြန်မာနိုင်ငံရှိ လိင်ပိုင်းဆိုင်ရာ နှင့် ကျား၊မအခြေပြု အကြမ်းဖက်မှုများဆိုင်ရာ အခြေအနေကို လေ့လာရာတွင်၊ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပိုမိုကျယ်ပြန့်သော ကျား၊မ တန်းတူမညီမျှမှု အခြေအနေကိုလည်း ပြန်လည်သုံးသပ်ခဲ့သည်။ လိင်ပိုင်းဆိုင်ရာနှင့် ကျား၊မအခြေပြု အကြမ်းဖက်မှုများပျံ့နှံ့မှုနှင့်၊ ယေဘုယျအားဖြင့် တစ်နိုင်ငံလုံးတွင် လည်းကောင်း၊ တိုင်းရင်းသား အသိုင်းအဝိုင်းတွင် လည်းကောင်း၊ ကျား၊မ တန်းတူ

---

* ဤမြန်မာဘာသာပြန်အစီရင်ခံစာတွင် အကျဉ်းချုပ်နှင့် အကြံပြုချက်များ သာပါရှိပြီး၊ ကုလသမဂ္ဂ၏ တရားဝင် ဘာသာပြန်မဟုတ်ပါ။ အစီရင်ခံစာအပြည့်အစုံအတွက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြထားသော (A/HRC/42/CRP.4) ကို တရားဝင်မူရင်းအဖြစ် ကြည့်ရှုပါ။

[၁] A/HRC/39/64 နှင့် A/HRC/39/CRP.2

မညီမျှမှုတို့မှာ တိုက်ရိုက်ဆက်နွယ်နေကြောင်း တွေ့ရှိခဲ့သည်။ မြန်မာနိုင်ငံတွင်း ကျားမအခြေပြု အကြမ်းဖက်မှုများအတွက် ပြစ်ဒဏ်ကင်းဝတ်နေခြင်းကို၊ နောက်ခံရှိ ကျားမ တန်းတူ မညီမျှမှုက ပိုမိုဆိုးရွားစေသည်။ တိုင်းရင်းသား အမျိုးသမီးများနှင့် မိန်းကလေးများက အမျိုးသမီးများနှင့် မိန်းကလေးများအနေနှင့် တစ်ကြိမ်၊ လူနည်းစု တိုင်းရင်းသား အသိုင်းအဝိုင်းများ၏ အဖွဲ့ဝင်များ အနေနှင့် တစ်ကြိမ်၊ နှစ်ကြိမ်ခံရသူများဖြစ်သည်။

၅။ လုံခြုံရေးတပ်ဖွဲ့များက အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ်လည်း၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများ ကျူးလွန်ခဲ့ကြောင်းကို မစ်ရှင်က (၂၀၁၈) အစီရင်ခံစာတွင် တွေ့ရှိခဲ့ပြီး ဖြစ်သည်။ (၂၀၁၉) ဧပြီလ (၂၃)ရက်နေ့တွင်၊ ၎င်း၏ဆုံးဖြတ်ချက် (၂၄၆၇) မှ တဆင့်၊ လုံခြုံရေး ကောင်စီက အသိအမှတ်ပြုခဲ့သည်မှာ လက်နက်ကိုင်တိုက်ပွဲနှင့် တိုက်ပွဲပြီးအခြေအနေ၊ ထိန်းသိမ်းထားသော အခြေအနေ နှင့် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်သူတို့၏ အခြေအနေ စသည်တို့တွင်၊ အမျိုးသားများနှင့် ယောကျ်ားလေးများက လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများ၏ ပစ်မှတ်ထားမှုကို ခံရသည် ဟူ၍ ဖြစ်သည်။ အမျိုးသားများ၊ အမျိုးသမီးများ၊ ယောကျ်ားလေးများ၊ မိန်းကလေးများ နှင့် လိင်အမျိုးအစား မတူကွဲပြားသူများ စသည့် တစ်အုပ်စုစီအပေါ်၊ အကြမ်းဖက်ပဋိပက္ခများ၏ သက်ရောက်ပုံက ကွဲပြားသည်။ ရေရှည်ခံငြိမ်းချမ်းရေးရရန် ဆောင်ရွက်မှုများတွင် လိင်အုပ်စုများက အရေးပါသည်ကို ပိုမို အသိအမြင် ရှိလာသော်လည်း၊ အာရုံစူးစိုက်မှု အများစုက အမျိုးသမီးများနှင့် မိန်းကလေးများ အပေါ်တွင် ရှိနေဆဲ ဖြစ်သည်။ အမျိုးသားများနှင့် ယောကျ်ားလေးများ၏ အတွေ့အကြုံများအပေါ် အသေအချာ နားလည်မှု မရှိသေးပေ။ ဤနောက်ခံအခြေအနေအရ၊ မြန်မာ့ တိုင်းရင်းသား ပဋိပက္ခများကြားတွင်၊ အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှု အခြေအနေအပေါ် ဆက်လက် စုံစမ်းစစ်ဆေးမှုများကို မစ်ရှင်က လုပ်ဆောင်ခဲ့ပြီး၊ အထူးသဖြင့်၊ ထိန်းသိမ်းထားသော အခြေအနေများတွင် ၎င်းတို့က လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများခံခဲ့ရသည်ကို တွေ့ရှိခဲ့သည်။ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ ဒဏ်ရာများမှာ ပြင်းထန်ပြီး၊ ရေရှည် ကြာသည်။ အမျိုးသားများက မုဒိမ်းကျင့်ခံရသည့်အတွက် ဂုဏ်သိက္ခာကျဆင်းမှုက ၎င်းတို့ကို ပိုမိုဆိုးရွား စေသည်။

၆။ Transgender ခေါ် မွေးရာပါလိင်အမျိုးအစား နှင့် ခံယူသော လိင်အမျိုးအစား မတူသူများ၊ လိင်အင်္ဂါ ပြောင်းလဲထားသူများ၊ အထူးသဖြင့် ရိုဟင်ဂျာ Transgender အသိုင်းအဝိုင်းရှိ ပုဂ္ဂိုလ်များမှတဆင့်၊ ဤအခြေအနေ၏ အချက်အလက်များကိုလည်း မစ်ရှင်က စုဆောင်းခဲ့သည်။ Transgender အမျိုးသမီးများ သည်၊ တပ်မတော်နှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များ၏ မုဒိမ်းကျင့်ခြင်း အပါအဝင်၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများကို ခံခဲ့ရကြောင်း တွေ့ရှိခဲ့သည်။

၇။ ရိုဟင်ဂျာ အမျိုးသမီးများ၊ အမျိုးသားများနှင့် ယောကျ်ားလေးများ အနေနှင့်၊ ၎င်းတို့၏ ဆွေမျိုး၊ အသိုင်းအဝိုင်းများအား လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများပြုလုပ်နေခြင်းကို

အတင်းအကျပ် မျက်မြင်ခံ၊ ထိုင်ကြည့်ခိုင်းခဲ့သည့် အတွက်ကြောင့်လည်း ပြင်းထန်သော ရေရှည်ကြာ စိတ်ဝေဒနာများနှင့် စိတ်ဒဏ်ရာများ ရခဲ့ကြသည်။

၈။ မြန်မာနိုင်ငံမြောက်ပိုင်းတွင်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကလည်း လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများကို၊ တပ်မတော်၏ ကျူးလွန်မှုများနှင့် နှိုင်းဆာလျှင် သိသိသာသာ လျော့နည်းသော အတိုင်းအတာနှင့်၊ ကျူးလွန်ခဲ့ကြသည်။ အမျိုးသမီးများနှင့် မိန်းကလေးများအား တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတို့က လိင်ပိုင်းဆိုင်ရာ အနှောက်အယှက်ပေးမှု အပါအဝင်၊ မုဒိမ်းကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သော အချက်အလက်များကိုလည်း မစ်ရှင်က စုဆောင်းခဲ့သည်။ များသောအားဖြင့် ကိစ္စများတွင်၊ တိုင်းရင်းသား လက်နက်ကိုင်တို့က ၎င်းတို့၏ ရိုးရာတရားစီရင်ရေးစနစ်ကို အားကိုးသောကြောင့်၊ ပြစ်မှုအတွက် တာဝန်ခံမှုသည် လုံလောက်မှုမရှိပေ။ လိင်ပိုင်းဆိုင်ရာနှင့် ကျားမ အခြေပြု အကြမ်းဖက်မှုကိုခံရပြီး အသက်ရှင်ကျန်ရစ်သူများအတွက် တရားမျှတမှုရှိစေရန် ထိုရိုးရာ တရားစီရင်ရေးစနစ်များက မသင့်တော်သောကြောင့် ဖြစ်သည်။

၉။ ကွဲပြားသော လိင်အုပ်စုများအပေါ်၊ ပဋိပက္ခများ၏ သက်ရောက်မှုက ကွဲပြားကြသည်။ မြန်မာနိုင်ငံတွင်လည်း ဤကဲ့သို့ပင်ဖြစ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးများ အပေါ်သို့ မလွဲမသွေ သည်းထန်စွာ ဒဏ်ကျသော်လည်း၊ မတူကွဲပြားသော လိင်အုပ်စုများအပေါ်တွင် မြန်မာ့ပဋိပက္ခများက ရှုထောင့်မျိုးစုံနှင့် သက်ရောက်မှုရှိကြောင်း မစ်ရှင်က တွေ့ရှိခဲ့သည်။ တည်မြဲနေသော ကျားမတန်းတူ မညီမျှမှုကြောင့်၊ မြန်မာနိုင်ငံမြောက်ပိုင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးများသည် လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှု၊ ၎င်းတို့၏ စီးပွားရေး၊ လူမှုရေး ရပိုင်ခွင့်များအား ကျယ်ကျယ်ပြန့်ပြန့်နှင့် နည်းမျိုးစုံ ချိုးဖောက်ခံရမှု စသည်တို့ အပါအဝင်၊ အဆိုးရွားဆုံးသော ထိခိုက်မှုကို ခံကြရသည်။ ရခိုင်ပြည်နယ်တွင်၊ ရိုဟင်ဂျာအမျိုးသမီးများသည် အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် လိင်အင်္ဂါ ဖြတ်တောက်ခြင်း အပါအဝင်၊ ဆိုးရွားသော လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများကို ခံကြရသည်။ ကျားမ တန်းတူမညီမျှမှု၊ ရိုဟင်ဂျာများကို ပျံ့ပျံ့နှံ့နှံ့ ခွဲခြားနှိမ်ချဆက်ဆံမှုတို့က ပြန်လည် ထူထောင်ရေးနှင့် နစ်နာချက်များအတွက် လျော်ကြေးပေးရေး အစီအစဉ်တို့ကို ထိခိုက်စေသည့်အပြင်၊ ၎င်းတို့၏ အခြေအနေကို ပိုမို ဆိုးရွားစေသည်။

၁၀။ မြန်မာနိုင်ငံရှိ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများအတွက် တာဝန်ခံမှု လမ်းကြောင်းတွင် အဆီးအတား များစွာရှိကြောင်း မစ်ရှင်က တွေ့ရှိခဲ့သည်။ (၂၀၁၆) နှင့် (၂၀၁၇) ခုနှစ်တို့က "ရှင်းလင်းစစ်ဆင်ရေးများ"တွင်၊ ရိုဟင်ဂျာတို့အပေါ် ပျံ့ပျံ့နှံ့နှံ့ ကျူးလွန်ခဲ့သော၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမ အခြေပြု အကြမ်းဖက်မှုများအတွက် ယနေ့အချိန်အထိ၊ မည်သည့် တပ်မတော် ထိပ်သီးအရာရှိတစ်ဦးကမှ တာဝန်ခံရမှု မရှိသေးပေ။ အချို့သော အဆီးအတားများက တရားဥပဒေနှင့် သက်ဆိုင်သည်။ ၎င်း၏ လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများ၏

စနစ်တကျသဘာဝကို၊ ထိရောက်စွာ ဖြေရှင်းရန် လိုအပ်သော နိုင်ငံရေးဆန္ဒနှင့် သတ္တိရှိကြောင်း၊ မြန်မာ့အစိုးရက ပြသခြင်း မရှိသေးပေ။

၁၁။ (၂၀၁၈) အစီရင်ခံစာပေါ်အခြေခံကာ၊ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှု ခံရသူများအတွက် တာဝန်ခံမှု၊ ပြန်လည်ထူထောင်မှုနှင့် နစ်နာချက်များအတွက် လျော်ကြေးပေးမှုတို့ ရှိစေရန် တိတိကျကျ ရည်ရွယ်သည့် အကြံပြုချက်များဖြင့် မစ်ရှင်က ဤအစီရင်ခံစာကို နိဂုံးချုပ်လိုက်ပါသည်။

၁၂။ မုဒိမ်းကျင့်ခြင်း၊ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်း၊ တခြား လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများကို ကျူးလွန်သူ မည်သူမဆို၊ ပြစ်ဒဏ်မှ မကင်းလွတ်သင့်ပါ။ ခံရသူမည်သူမဆို တရားမျှတမှု ရရှိသင့်သည်။ ယနေ့တွင်၊ တာဝန်ခံမှုသည် အရေးပေါ် ဦးစားပေး အသင့်ဆုံးသော ကိစ္စဖြစ်သည်။ မြန်မာနိုင်ငံအစိုးရ၊ ပဋိပက္ခတွင် ပါဝင်သူများအားလုံး နှင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတို့အား မုဒိမ်းကျင့်မှုနှင့် တခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကျူးလွန်သူများအား တာဝန်ခံမှုရှိစေရန် ကြိုးစားဆောင်ရွက်ပါဟု ဤအစီရင်ခံစာမှ ထုတ်ပြန်တိုက်တွန်းလိုသည်။

## အကြံပြုချက်များ။ ။

### ၁။ မြန်မာနိုင်ငံအစိုးရသို့။ ။

၁။ အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ လေးနက်သော ရာဇဝတ်မှုများ ဖြစ်သော လူသားတမျိုးနွယ်လုံးအပေါ် သက်ရောက်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများ နှင့် ဂျုန်နိုဆိုက် (ခေါ်) မျိုးဖြုတ်ခြင်းပြစ်မှု အနေနှင့်၊ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများအတွက်၊ တပ်မတော် ကွပ်ကဲမှုအဆင့်ဆင့်ရှိ အကြီးတန်းအရာရှိများ အပါအဝင်၊ တပ်မတော်နှင့် တခြား လုံခြုံရေးတပ်ဖွဲ့ဝင်များကို အလျင်အမြန် စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုပါ။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်အမိန့်များချမှတ်ကာ၊ မုဒိမ်းကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အားလုံးကို ထင်ထင်ရှားရှား တားမြစ်ရန်၊ အသေအချာ ဆောင်ရွက်ပါ။

၃။ တပ်မတော်နှင့် တခြားလုံခြုံရေးတပ်ဖွဲ့ဝင်များက လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲသော တင်ပြချက်များအားလုံးကို၊ ယုံကြည်စိတ်ချရသော စုံစမ်းစစ်ဆေးချက်များ၊ မျှတသော တရားစီရင်မှုများ နှင့် အကျဉ်းချခြင်းနှင့် ရာထူးမှ ထုတ်ပယ်ခြင်း စသည့် သင့်လျော်သော ပိတ်ဆို့မှုများ ရလဒ်ရှိစေရန် အသေအချာ ဆောင်ရွက်ပါ။

၄။ ရိုဟင်ဂျာများပါဝင်သော တိုင်းရင်းသားမျိုးနွယ်စုအားလုံးမှ ကလေးသူငယ်များနှင့်၊ လိင်အုပ်စုအားလုံးမှ လူပုဂ္ဂိုလ်များအား လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများမှ ကာကွယ်ရန်၊ လိုအပ်သော ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အောက်ပါအတိုင်း အပါအဝင်၊ လုပ်ဆောင်ပါ။

(က) စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင်၊ အစိုးရဝန်ထမ်းများအား လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားစွဲဆိုခံရခြင်းမှ အကာအကွယ်ပေးထားသော ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ရန်၊ စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သော ပြစ်မှုများအပါအဝင်၊ လူ့အခွင့်အရေး ချိုးဖောက်မှုများအားလုံးကို အရပ်သားအစိုးရ၏ တရားစီရင်ခွင့်လက်အောက်တွင် ရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်၍ လည်းကောင်း၊

(ခ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ဖျက်သိမ်းရေးဆိုင်ရာ ကွန်ဗင်းရှင်း (စီဒေါ) နှင့် အပြည်ပြည်ဆိုင်ရာ စံချိန်တို့နှင့် အညီ၊ မုဒိမ်းကျင့်မှုနှင့် တခြားလိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများ အပါအဝင်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအား ရာဇဝတ်မှုများအဖြစ် အဓိပ္ပာယ်ဖော် သတ်မှတ်ရန်၊ (၁၈၆၁) ခုနှစ်ထုတ် ရာဇသတ်ကြီးကို ပြင်ဆင်၍ လည်းကောင်း၊

(ဂ) အမျိုးသားများအပေါ် ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများကို ရာဇဝတ်မှုများအဖြစ် သတ်မှတ်ရန်နှင့်၊ အမျိုးသားအား မုဒိမ်းကျင့်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ရန်၊ (၁၈၆၁) ခုနှစ်ထုတ် ရာဇသတ်ကြီးကို ပြင်ဆင်၍ လည်းကောင်း၊

(ဃ) အမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးသူငယ်များအပေါ် ကျူးလွန်သော လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများအတွက် အရပ်သားတရားရုံးများက စစ်တပ်အား တရားစီရင်ခွင့် ရှိစေရန် အသေအချာ ဆောင်ရွက်၍ လည်းကောင်း၊

(င) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအား တားဆီးရန်နှင့် ကာကွယ်ရန်ဆိုင်ရာ ဥပဒေ (PoVAW) ကို အလျင်အမြန် ချမှတ်၍ လည်းကောင်း၊ ၎င်းဥပဒေက အပြည်ပြည်ဆိုင်ရာစံချိန်နှင့် အပြည့်အစုံ ညီညွတ်စေရန်၊ ပဋိပက္ခနှင့် ပတ်သက်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပေါ် သက်ရောက်မှု ရှိစေရန်၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံရသူများနှင့် မျက်မြင်သက်သေများအား လုံလောက်သော အကာအကွယ်နှင့် အထောက်အပံ့ ပေးနိုင်ရန်၊ စစ်တပ်နှင့် တခြားလုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သောအခါ အပါအဝင်၊ ထိုပြစ်မှု အားလုံးအပေါ် အရပ်သားအစိုးရက တရားစီရင်ခွင့်ရှိစေရန် အသေအချာ ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊

(စ) ဂျန်နိုဆိုက် (ခေါ်) မျိုးဖြုတ်ခြင်းပြစ်မှု၊ လူသားတမျိုးနွယ်လုံးအပေါ် သက်ရောက်သည့် ရာဇဝတ်မှုများ နှင့် ပဋိပက္ခနှင့် ပတ်သက်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုစသည့် စစ်ရာဇဝတ်မှုများ အပါအဝင်၊ အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ လေးနက်သော ရာဇဝတ်မှုများကို ပြည်တွင်း ဥပဒေအရ ပြစ်မှုများအဖြစ် ထိရောက်စွာ သတ်မှတ်ကာ၊ ယင်းပြစ်မှုများအပေါ် အရပ်သားအစိုးရ၏ တရားစီရင်နိုင်ခွင့်ကို ချမှတ်၍ လည်းကောင်း၊

(ဆ) လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအား ၎င်းတို့အပေါ် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် နစ်နာကြေး၊ လျော်ကြေးများ ပေးအပ်ခြင်းဖြင့် လည်းကောင်း ဆောင်ရွက်ပါ။

၅။ တပ်မတော်နှင့် တခြား လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံးကို လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများနှင့် ပတ်သက်၍ အသေးစိတ်၊ အခြေအမြစ်ကျသော သင်တန်းများအား မဖြစ်မနေ သင်ကြားပေးပါ။

၆။ မုဒိမ်းကျင့်မှုနှင့် တခြားလိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များကို သက်ဆိုင်ရာ အရာရှိများနှင့် ခုံရုံးများက စုံစမ်းစစ်ဆေးနိုင်ရန်၊ တရားစွဲဆိုနိုင်ရန်၊ ပြစ်မှုများအတွက် နစ်နာကြေးနှင့် လျော်ကြေးများ ပေးနိုင်ရန်အတွက်၊ ၎င်းသို့ထံ ထိရောက်၍ လက်လှမ်းမီ တိုင်ကြားနိုင်သည့်၊ ကျားမနှင့် တခြားလိင်အုပ်စုများအပေါ် အသိတရားရှိရှိ၊ စာနာတတ်ပြီး၊ လုံခြုံမှုရှိသော ယန္တရားတစ်ခုကို တည်ထောင်ပါ။

၇။ ခံရသူများအတွက် လိုအပ်သော ဥပဒေရေးရာ အထောက်အပံ့များပေး၍ အပါအဝင်၊ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုကို အရာရှိများထံ တိုင်ကြားလိုစိတ် ပေါ်ပေါက်စေသော၊ ကျားမနှင့် တခြားလိင်အုပ်စုများအပေါ် အသိတရားရှိရှိ စာနာတတ်သည့် အခြေအနေပေါ်ထွန်းစေရန် လုပ်ဆောင်ပါ။

၈။ ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများကို ခံခဲ့ရသူတို့က အစိုးရလက်အောက်ရှိ ဒေသများတွင်လည်းကောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ လက်အောက်ရှိ ဒေသများတွင်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ၊ လူမှုရေးစိတ်ပိုင်းဆိုင်ရာ နှင့် တခြား အခန်းကဏ္ဍဆိုင်ရာ အထောက်အပံ့တို့ကို လုံလုံလောက်လောက် လက်လှမ်းမီနိုင်စေရန် လိုအပ်သည့် ကိစ္စများကို အနှောင့်အနှေးမဲ့၊ သေချာစွာ လုပ်ဆောင်ပါ။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် အစိုးရက၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့အစည်းများအား အကန့်အသတ်မဲ့ ဝင်ရောက်သွားလာခွင့်ကို ပေးအပ်ပြီး၊ အောက်ပါအတိုင်း ဆက်လက်ဖြည့်ဆည်းပေးသင့်သည်။

(က) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရပြီး အသက်ရှင်ကျန်ရစ်သူများအတွက် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးစိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ သို့မဟုတ် စိတ်ကျန်းမာရေး စောင့်ရှောက်မှုတို့ အပါအဝင်၊ အခမဲ့သော၊ လျှို့ဝှက်ပေးသော ဆေးဘက်ဆိုင်ရာ အထောက်အကူကို လိုအပ်သလို၊ အကန့်အသတ်မဲ့ လက်လှမ်းမီနိုင်ရန် သေချာအောင် ဆောင်ရွက်ပါ။ ဤကဲ့သို့ အထောက်အပံ့များကို ပိုမိုကျယ်ပြန့်သော၊ ရေရှည် လူမှုရေးစောင့်ရှောက်မှုနှင့် ထိခိုက်လွယ်သော လူများအတွက် အစိုးရက ပံ့ပိုးပေးသော အထောက်အကူတို့နှင့် အတူ တွဲ၍ စီစဉ်ပေးပါ။

(ခ) မြန်မာနိုင်ငံရှိ ကလေးသူငယ်များအားလုံးကို၊ ၎င်းတို့၏ တရားဝင်အဆင့်အတန်းက မည်ကဲ့သို့ရှိသည်ဖြစ်စေ၊ ပညာရေး နှင့် ကျန်းမာရေး စောင့်ရှောက်မှု အပါအဝင်၊ မရှိမဖြစ်လိုအပ်သော ပြည်သူ့ဝန်ဆောင်မှုများ

အားလုံးကို ထိရောက်စွာ လက်လှမ်းမီနိုင်ရန် သေချာအောင် ဆောင်ရွက်ပါ။ ၎င်းတို့၏အဓိက အုပ်ထိန်းသူများကို ပဋိပက္ခကြားတွင် ဆုံးရှုံးခဲ့ရသည့် ကလေးသူငယ်များနှင့် မြန်မာ့လုံခြုံရေးတပ်ဖွဲ့များက မုဒိမ်းကျင့်မှုကြောင့် မွေးဖွားလာခဲ့သော ကလေးသူငယ်များကို အထူးဂရုပြုစောင့်ရှောက်ပါ။ ပဋိပက္ခကြောင့် ထိခိုက်ခံခဲ့ရသည့် ကလေးသူငယ်များကို ဦးစားပေးအနေနှင့်၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ စိတ်ကျန်းမာရေး အထောက်အကူတို့ကို ပေးပါ။

၉။ အကြမ်းဖက်မှုကို တိုင်ကြားလိုသည့် အမျိုးသားများနှင့် အမျိုးသမီးများကို တင်ပြလိုစိတ် ပေါ်ပေါက်စေရန် ရည်ရွယ်သည့် ရပ်ရွာပညာရေး အစီအစဉ်များကို ၎င်းတို့၏ လုံခြုံရေးကို ဂရုပြု၍၊ ဆောင်ရွက်ပါ။ ဆက်လက်၍၊ အကြမ်းဖက်ခံရပြီး အသက်ရှင်ကျန်ရစ်သူများ၏ ဂုဏ်သိက္ခာကျဆင်းမှု၊ ၎င်းတို့ကို ရှောင်ကြဉ်မှုများကို တိုက်ဖျက်ရန် ရပ်ရွာအတွင်း အသိအမြင် မြှင့်တင်ပေးပါ။

၁၀။ ပါဝင်ဆောင်ရွက်ရေး နှင့် လက်လှမ်းမီရေး အခြေခံမူများအရ၊ လိင်ပိုင်းဆိုင်ရာ နှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများ၊ ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုတို့ကို လူနည်းစု တိုင်းရင်းသား အမျိုးသမီးများနှင့် မိန်းကလေးများက လက်လှမ်းမီပါစေ။ မုဒိမ်းကျင့်မှုနှင့် တခြား လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှု ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက်၊ ဂုဏ်သိက္ခာကျဆင်းမှုကင်းသော၊ လက်တုံ့ပြန်မှုမရှိသော၊ ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်နှင့် သားဖွားပြီးစဉ်ဆိုင်ရာ စောင့်ရှောက်မှုများ၊ သန္ဓေတားခြင်းဆိုင်ရာ အချက်အလက်နှင့် ဝန်ဆောင်မှုများ၊ အရေးပေါ် သန္ဓေတားခြင်း၊ ဘေးကင်းစွာ ကလေးဖျက်ချခြင်းနှင့် စိတ်ပညာဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများ စသည်တို့ကို ဘေးကင်းလုံခြုံသည့်ပတ်ဝန်းကျင်တွင် ဆောင်ရွက်ပေးပါ။

၁၁။ လိင်ပိုင်းဆိုင်ရာ နှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်သည့် အစီအစဉ်များကို၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အကောင်အထည်ဖော်ရေးတို့တွင်၊ လူနည်းစု တိုင်းရင်းသားအုပ်စုများမှ အမျိုးသမီးများနှင့် မိန်းကလေးများက ပါဝင်ဆောက်ရွက်မှုရှိပါစေ။ ယင်းဝန်ဆောင်မှုတို့၏ လက်လှမ်းမီနိုင်မှုနှင့် အရည်အသွေးတို့ကို စောင့်ကြပ်ကြည့်ရှုသည့် ယန္တရားများကို ဖွဲ့စည်းပါ။ ကျန်းမာရေး စောင့်ရှောက်သည့် အမှုထမ်းများက ခွဲခြားဆက်ဆံတတ်သည့် လုပ်ရပ်များကို ပယ်ဖျက်ပါ။

၁၂။ ဆုံးဖြတ်ချက်ချနိုင်သည့် အဆင့် အပါအဝင်၊ ပဋိပက္ခအပြီး ပြန်လည် တည်ဆောက်ရေး လုပ်ငန်းစဉ် အဆင့်ဆင့်တွင် တိုင်းရင်းသူ အမျိုးသမီးများနှင့် မိန်းကလေးများက အပြည့်အစုံ ပါဝင်လှုပ်ရှားနိုင်ပါစေ။

## ၂။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးသို့။ ။

၁။ အထူးသဖြင့်၊ မုဒိမ်းကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမျိုးစုံကို တားမြစ်ခြင်းဖြင့်၊ မိမိတို့၏ အဖွဲ့ဝင်များကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှု ဥပဒေတို့အား အပြည့်အစုံ လိုက်နာရန် မှာကြားပါ။

၂။ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကျူးလွန်ခဲ့သော အမှုများအပါအဝင်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေတို့အား လေးလေးနက်နက် ချိုးဖောက်မှုများ၊ အလွဲသုံးစားမှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများ စသည်တို့ကို ကျူးလွန်ခဲ့သူများအား၊ တာဝန်ခံမှုရှိစေရန် ကြိုးစားသော ယုံကြည်စိတ်ချရသည့် အားထုတ်မှုအားလုံးနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ။

## ၃။ လုံခြုံရေးကောင်စီသို့။ ။

၁။ မြန်မာနိုင်ငံ၏ အခြေအနေအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံး (ICC)သို့ ရုံးတင်ရန်၊ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးတစ်ခု လက်တန်း ဖွဲ့စည်းရန်၊ ပြဋ္ဌာန်းသော ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်ပါ။

၂။ မြန်မာ့အခြေအနေအတွက် ဆုံးဖြတ်ချက်တစ်ခု၊ သို့မဟုတ် သမ္မတမှူးကြီး၏ ထုတ်ပြန်ချက်တစ်ခုကို ချမှတ်ပါ။ ၎င်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများနှင့် နှစ်ပြည်ထောင်ဆိုင်ရာ ညှိနှိုင်းရေးများတွင် လည်းကောင်း၊ လက်ရှိ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို စောင့်ကြပ်ကြည့်ရှုရာတွင် လည်းကောင်း၊ ဆုံးဖြတ်ချက်ချနိုင်သော ကဏ္ဍများတွင်၊ အမျိုးသမီးများအား အဓိပ္ပာယ်ရှိရှိ ပါဝင်ဆောင်ရွက် ခွင့်ပေးရန်၊ ပြည်တွင်းအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့အား တိုက်တွန်းသည့် စကားလုံးများကို ထည့်သွင်းရေးသားပါ။

၃။ နိုင်ငံရေးဆိုင်ရာ၊ သံတမန်ရေးဆိုင်ရာသြဇာနှင့် စီးပွားရေးရင်းမြစ်များကို အသုံးပြု၍၊ ပဋိပက္ခကြား ထိခိုက်ခံခဲ့ရသော အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တရားမျှတမှု လမ်းကြောင်းဖောက်ပေးပါ။

၄။ ဒုက္ခသည်စခန်းများအတွင်းရှိ ရိုဟင်ဂျာများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများ အတွက်၊ ဝန်ဆောင်မှုများကို တိုးချဲ့ပေးပါ။ ၎င်းတို့တွင် တရားဝင် ပညာရေး၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး နှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ လက်လှမ်းမီနိုင်ရေးတို့ ပါဝင်ပါစေ။

## ၄။ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းသို့။ ။

၁။ မြန်မာနိုင်ငံ တစ်ဝှမ်းနှင့်၊ ပဋိပက္ခကြောင့် ထိခိုက်ခံရသူများကို လက်ခံထားသော တစ်ဖက်နိုင်ငံများရှိ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများကို၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှု ပါဝင်သော အမှုများကို တိုင်ကြားတင်ပြနိုင်ရန် ထောက်ပံ့ပါ။ လာမည့် ရွေးကောက်ပွဲတွင် အပါအဝင်၊ ဆုံးဖြတ်ချက်ချနိုင်သော ကဏ္ဍများ၌ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုတို့ ရှိစေရန် ထောက်ပံ့ပေးပါ။

၂။ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုခံရပြီး အသက်ရှင်ကျန်ရစ်သူများနှင့် ၎င်းတို့၏ မိသားစုများအတွက်၊ မျိုးဆက်အဆင့်ဆင့်ကို ထိခိုက်သည့် စိတ်ဒဏ်ရာအတွက် အပါအဝင်၊ ဆေးဘက် ဆိုင်ရာနှင့် လူမှုရေးစိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုတို့ကို ထောက်ပံ့ရန် ရန်ပုံငွေတစ်ရပ်ကို လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက်အစီရင်ခံစာ (၃၉/၂) နှင့်အညီ၊ တည်ထောင်ပါ။

၃။ ၎င်းတို့၏ လုပ်ငန်းများမှတဆင့် နစ်နာကြေးပေးခြင်းဖြင့် အပါအဝင်၊ တရားမျှတမှုနှင့် တာဝန်ခံမှု အခြေခံအုတ်မြစ်ကို ချမှတ်ပေးရန်အတွက်၊ ဖွံ့ဖြိုးရေးနှင့် လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများ နှင့်အတူ လက်တွဲဆောင်ရွက်ပါ။ ထိုသို့ဖြင့်၊ တရားမျှတမှုစနစ်အပေါ်တွင် အသက်ရှင်ကျန်ရစ်သူများက ပိုမို ယုံကြည်စိတ်ချလာစေရန် ဆောင်ရွက်ပေးပါ။ အသက်ရှင်ကျန်ရစ်သူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း များက တရားမျှတမှုကို တောင်းဆိုလှုံ့ဆော်ရန်၊ ဘေးကင်းလုံခြုံသော ပလက်ဖောင်းတစ်နေရာကို ဖန်တီး ပေးပါ။